**နောက်ဆက်တွဲ**

## နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

၁။ အကောက်ခွန်ဆိုင်ရာနှောင်းစာရင်းစစ်ဆေးခြင်း (Post Clearance Audit) လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ (၁၇-၁-၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ အကောက်ခွန်ဆိုင်ရာနှောင်းစာရင်းစစ်ဆေးခြင်းဆိုသည်မှာ စနစ်ကျသည့် အကောက်ခွန်ထိန်းချုပ်မှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ပါဝင်သည့် စာရင်းစစ်ဆေးခံသူ (Auditees) ၏ မည်သည့် စနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော မှတ်တမ်းမှတ်ရာများ၊ ကုန်သွယ်မှုလုပ်ငန်းစဉ်များကို စစ်ဆေးခြင်းဖြင့် ကုန်ပစ္စည်းကြေညာလွှာများအပေါ် မှန်ကန်တိကျမှု ရှိ/မရှိ ကျေနပ်လက်ခံနိုင်သည်အထိ စစ်ဆေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။

အကောက်ခွန်ဆိုင်ရာနှောင်းစာရင်းစစ်ဆေးခြင်း၏ ရည်ရွယ်ချက်မှာ-

(က) နိုင်ငံတကာကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် အခွန်ဘဏ္ဍာငွေလျော့နည်းဆုံးရှုံးမှု မရှိစေရေး ကာကွယ်တားဆီးရန်။

(ခ) အကောက်ခွန်ထိန်းချုပ်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်။

(ဂ) တည်ဆဲအကောက်ခွန်ဥပဒေနှင့် ဆက်စပ်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်လာစေရေးအတွက် ကြီးကြပ်ပေးရန်။

(ဃ) ကုန်သွယ်မှုဆိုင်ရာ မသမာမှုများကို စိစစ်ဖော်ထုတ်၍ နည်းလမ်းတကျဆောင်ရွက်နိုင်စေရန်။

(င) စာရင်းစစ်ဆေးခံသူများဖြစ်သည့် ကုမ္ပဏီများ/လူပုဂ္ဂိုလ်များမှဥပဒေ လေးစားလိုက်နာမှုစံနှုန်းကို တိုးတက်မြင့်မားအောင် မြှင့်တင်ပေးရန်။

၃။ အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်းလုပ်ငန်းစဉ်ကို အောက်ဖော်ပြပါ အဆင့် (၃) ဆင့်ဖြင့် ဆောင်ရွက်ပါသည်-

(က) ပထမအဆင့်အနေဖြင့် စာရင်းစစ်ဆေးခံမည့် ကုမ္ပဏီ၊ လူပုဂ္ဂိုလ်၊ ကုန်ပစ္စည်း၊ ကုန်သွယ်မှုစာရွက်စာတမ်းများကို စိစစ်ရွေးချယ်ခြင်း။

( ခ ) ဒုတိယအဆင့်အနေဖြင့် ကြိုတင်စာရင်းစစ်တမ်းကောက်ယူခြင်း၊ ပဏာမစာရင်းစစ်ဆေးခြင်း၊ ပရဝုဏ်အတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်းအပါအဝင်မြေပြင်စာရင်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုစနစ်များအား စစ်ဆေးခြင်း၊ ရရှိသည့်ရလဒ်များအပေါ်ပြန်လည်သုံးသပ်ခြင်းနှင့် အပြီးသတ်အစီရင်ခံစာရေးသားတင်ပြခြင်း။

(ဂ) တတိယအဆင့်အနေဖြင့် စာရင်းစစ်ဆေးခြင်း လုပ်ငန်ဆောင်ရွက်မှုအပေါ် ဌာနအတွင်း အကဲဖြတ်ဆန်းစစ်ခြင်းနှင့် အစစ်ဆေးခံမည့်သူမှ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်မှု ရှိ/မရှိ စောင့်ကြည့်ခြင်း။

၄။ အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်းပြုလုပ်ရာတွင် စာရင်းစစ်ဆေးခံသူနှင့် ပတ်သက်သော အောက်ပါလုပ်ငန်းနှင့်နေရာများကို စစ်ဆေးခြင်းဖြစ်ပါသည်-

(က) ကုန်တင်သွင်းခြင်းလုပ်ငန်း။

(ခ) ကုန်တင်ပို့ခြင်းလုပ်ငန်း။

(ဂ) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။

(ဃ) သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း။

(င) အခွန်ဆောင်ရမည့် ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း။

(စ) ကုန်ပစ္စည်း ယာယီထားသိုသည့်နေရာ။

(ဆ) အာမခံဖြင့်ထားသိုသည့်နေရာ။

(ဇ) အာမခံဖြင့်ကုန်လှောင်ရုံဖြင့်ထားသိုသည့်နေရာ။

(ဈ) အခွန်ဆောင်ရမည့်ပစ္စည်းထားသိုသည့်နေရာ။

၅။ အကောက်ခွန်ဆိုင်ရာနှောင်းစာရင်းစစ်ဆေးခြင်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နှောင်းစာရင်းစစ်ဆေးခြင်းနှင့်ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများဌာနခွဲ အဖြစ် (၂၀.၁.၂၀၂၀) ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းအမိန့်စာ (၃၀/၂၀၂၀) ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ နှောင်းစာရင်းစစ်ဆေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများဌာနခွဲအနေဖြင့် ကုမ္ပဏီများအား ရွေးချယ်စစ်ဆေးခြင်း၊ အခွန်ငွေပြန်လည်ကောက်ခံခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။